မြန်မာခရစ်ယာန်မိသဟာယအသင်းတော်

Burmese Christian Fellowship

# †Newsletter - သတင်းလွှာ

*Enjoy free reading from B.C.F. ___Volume 17/ Issue 2/ February /2024*




## စိတ်နှလုံးသွင်းရန်ရွှေကျမ်းချက်။

သုတ္တံကျမ်း၊၁၆း၃။ ၁၅း၂၂။

ကိုယ်ပြုသော အမှုတို့ကို ထာဝရဘုရား၌ အပ်လော့။ သို့ပြုလျှင် သင်၏ အကြံအစည်တို့သည် တည်ကြလိမ့်မည်။

သုတ္တံကျမ်း၊၁၅း၂၂။

တိုင်ပင်ခြင်းမရှိလျှင် အကြံပျက်တတ်၏။
တိုင်ပင်သောသူများလျှင်မူကား၊ အကြံ တည်တတ်၏။

သုတ္တံကျမ်း၊၁၄း၅–၇။

သစ္စာရှိသောသက်သေသည် မုသာမသုံးတတ်။ သစ္စာပျက်သော သက်သေမူကား မုသာကို သုံးတတ်၏။ မထီမဲ့မြင်ပြုသောသူသည် ပညာကိုရှာ၍ မတွေ့ရာ။ ဉာဏ်ရှိသော သူမူကား၊ ပညာတတ်ကို ရလွယ်၏။ မိုက်သောသူနှင့်တွေ့၍ သူ၏နှုတ်၌ ပညာအတတ် မရှိ သည်ကို သိမြင်လျှင်၊ ထိုသူကို ရှောင်သွားလော့။

ယေရမိအနာဂတ္တိကျမ်း၊၂၉း၁၃။

ငါ့ကိုရှာသောအခါ၊ စိတ်နှလုံးအကြွင်းမဲ့နှင့် ရှာလျှင်တွေ့ကြလိမ့်မည်။
ငါသည်လည်း၊ သင်တို့အတွေ့ကို ခံမည်။

## ***2024, February Sunday Worship Programs***




## ***February Sunday Worship Program***

***February 4, 2024 … Holy Communion***

***February 11, 2024 … Regular Sunday Worship Service***

***February 18, 2024 … Regular Sunday Worship Service and Chinese New Year Celebration***

***February 25, 2024 … Laity's Sunday Worship Service***
***Sermon by Lay Speaker … Alice Ang***

## Name and Position of B.C.F. official board members for the year 2024

*Senior Pastor --- Rev. Henry Ang*
*Associate Pastor --- Rev. Saw Livingstone Zan*
*Pastoral Staff --- Rev. Hsimu Shein*
*Bible study --- Rev. Martin Nyun*

- *President --- Shian Ma*
- *Vice President --- Kyaw Kyaw Thein*

- *Secretary --- Emily Ang*
- *Joint Secretary --- YiYi Aye*

- *Treasurer --- Alice Ang*
- *Joint Treasurer --- San San Min*

- *Trustee & Finance Committee*
  *Chairperson --- U Kyi Shinn*

- *Mission & Evangelism Committee*
  *Chairperson --- Daw Paw Wah*
  *Joint // --- Fiona Ang*

- *Worship & Music Committee*
  *Chaiperson --- John Ma*
  *Joint // --- Ringo Aung*

- *Christian Education Committee*
  *Chaiperson --- Thin Thin Mya*
  *Joint // --- Sayama Htoirowng Li Maran*

- *Social & Recreation Committee*
  *Chairperson --- Thin Thin*
  *Joint // --- Daw Paw Wah,*
  *Sayama Htoirowng Li Maran*
  *San San Tin*

- *Building Committee*
  *President --- Ringo Aung*
  *Joint // --- Julius Lim*

## Name and Position of B.C.F. official board members for the year 2024

- *Christian Literature*
  *Newsletter Editor --- YiYi Aye*

- *Financial advisor --- Shu Tan*
- *Choir director --- Rev. Hsimu Shein*
- *Assistant Choir Director --- Pearl Tiu*
- *Pianist --- Patricia Aung*
  *Bryan Tiu*

- *Choir Director --- Sayama Hsimu Shein*
- *Assistant Choir Director --- Pearl Tiu*
- *Auditor --- Ma Sanda*
- *Pianist --- Patricia Aung and Bryan Tiu*
- *Finance Adviser --- Shu Tan*

*BCF 2024 Theme .... "Are you ready?"*
*Bible verses .... Matthew 24:42-44*
*Philippians 3:13-14*

*Matthew 24:42-44*
*Watch therefore: for ye know not what hour your Lord doth come. But know this, that if the goodman of the house had known in what watch the thief would come, he would have watched, and would not have suffered his house to be broken up. Therefore be ye also ready: for in such an hour as ye think not the Son of man cometh.*

*Philippians 3:13-14*
*Brethren, I count not myself to have apprehended:* but this one *thing I do, forgetting those things which are behind, and reaching forth unto those things which are before, I press toward the mark for the prize of the high calling of God in Christ Jesus.*

# ယေရှုခရစ်တော်အားဖြင့် ဘုရားသခင်ရှေ့တော်၌ ငြိမ်သက်ခြင်းကိုခံစားကြ၏

**◆ကျေးဇူးတော်◆**

ယုံကြည်ခြင်းအသက်ရှင်တဲ့အခါ အခက်အခဲဆုံးအရာက ဘုရားသခင်နဲ့ တစ်လုံးတစ်ဝတည်းဖြစ်ဖို့ပါ။ ကျွန်တော်တို့က ဘုရားသခင်နဲ့ တစ်လုံးတစ်ဝတည်း ဖြစ်ရင်၊ ဘုရားသခင်ရှေ့မှာ ကျွန်တော်တို့ရဲ့စိတ်ကို ထုတ်ဖော်ဝန်ခံရမှာဖြစ်ပေမဲ့ အဲဒီလိုလုပ်ဖို့ မလွယ်ကူပါဘူး။ လုပ်တော့ လုပ်ပေမယ့် ဘုရားသခင်ရှေ့မှာ အပြစ်အမှားအယွင်း လုပ်မိခဲ့တဲ့အရာများတဲ့ အတွက်ကြောင့် ဘုရားသခင်က ဝမ်းမြောက်စွာ လက်ခံပေးမှာ မဟုတ်လောက်ပါဘူး ဆိုပြီး ခံစားမိကြပါတယ်။ ဆုတောင်းစရာတွေ အများကြီးရှိပေမဲ့၊ “ ငါက ဘုရားသခင်ရှေ့မှာ အမှားလုပ်တာ အရမ်းများလို့ ဘုရားသခင်က ငါ့ကို လက်ခံမှာမဟုတ်ဘူး ”ဆိုပြီး၊ ဘုရားသခင်ရှေ့ ချဉ်းကပ်ဖို့ ခက်ခဲပါတယ်။

ကျွန်တော်တို့က အပြစ်မလွန်ကျူးဘဲ သန့်သန့်ရှင်းရှင်း အသက်ရှင်ပြီး၊ ဘုရားသခင်ရှေ့ အသက်ရှင်ဖို့ ဆိုတာ ခက်ခဲပါတယ်။ ကျွန်တော်တို့က လူသားဖြစ်တဲ့ အတွက် ဖြားယောင်းခြင်း အမျိုးမျိုး ရှိပြီး၊ စိတ်ပျော့လို့ လွယ်လွယ်နဲ့ မှောင်မိုက်ထဲမှာ ချုပ်နှောင်ထားခြင်း ခံရတတ်ပါတယ်။ ဒါကြောင့်၊ လူတွေက ယုံကြည်ခြင်းအသက်တာ၊ ဝိညာဉ်အသက်တာ၊ အသက်ရှင်ရင်း ကိုယ့်ရဲ့ အသေးအမွှားပုံစံထဲမှာ လွယ်လွယ်နဲ့ပြုတ်ကျ သွားတတ်ပါတယ်။ ကျွန်တော်တို့ရဲ့ပုံစံကို ကောင်းစွာသိတော်မူတဲ့ဘုရားသခင်က ကျွန်တော်တို့ကို ဒီအတိုင်းလိမ္မာစွာအသက်ရှင်ပါလို့ မပြောထားပါဘူး။ ကျွန်တော်တို့ကလည်း ကောင်းမွန်စွာ အသက်ရှင်ပေမဲ့ မရပါဘူး။ အပြစ်လွန်ကျူးမယ်ဆိုရင်ဘယ်လိုလုပ်ရမှာလဲ။ ကျွန်တော်တို့က ဘယ်လောက်ပဲ လိမ္မာစွာအသက်ရှင်ဖို့ ကြိုးစားပေမဲ့ ကျွန်တော်တို့က လူသားဖြစ်တဲ့အတွက်ကြောင့် မိမိကိုယ်ကိုမိမိ မသိလိုက်ခင်မှာဘဲ အပြစ်လွန်ကျူးမိပြန်တယ်။ ကျွန်တော်တို့က ဘုရားသခင်နှစ်သက်တဲ့အရာကို မလုပ်ပဲ၊ မနှစ်သက်တဲ့အရာကိုလုပ်မိတဲ့အခါ၊ ကျွန်တော်တို့က ဘုရားသခင်ရှေ့ ရဲရင့်စွာ မချဉ်းကပ်နိုင်တာ ဖြစ်သွားပါတယ်။

ကျမ်းစာကဘာပြောနေပါသလဲ။ ရောမ ၅း၁ “ထို့ကြောင့် ငါတို့သည် ယုံကြည်ခြင်းရှိ၍ ဖြောင့်မတ်ရာသို့ရောက်လျှင် – ” ဆိုပြီး ပြောနေပါတယ်။ ဖြောင့်မတ်ရာသို့ ရောက်တဲ့ အရာက ကျွန်တော်တို့က အပြစ် မလွန်ကျူးဘဲ လိမ္မာစွာ အသက်ရှင်လို့၊ ကြီးမားတဲ့ ယုံကြည်ခြင်း ရှိလို့ မဟုတ်ပါဘူး။ ယေရှုခရစ်က လက်ဝါးကားတိုင်မှာ အသေခံပြီး ကျွန်တော်တို့အပြစ် အားလုံးကို ဖြေရှင်းပေးခဲ့တာကြောင့် ကျွန်တော်တို့ ဖြောင့်မတ်ခြင်းရရှိခဲ့တာဖြစ်ပါတယ်။ ယေရှုခရစ်တော်က ကျွန်တော်တို့ အပြစ်အားလုံး ထာဝရဖြေရှင်းပေးခဲ့ပြီးနောက် ကျွန်တော်တို့က ဘယ်အချိန်ဖြစ်ဖြစ် ဘုရားသခင်ရှေ့ချဉ်းကပ်နိုင်အောင် လိုလေသေးမရှိ ပြုလုပ်ပေးခဲ့ပါတယ်။ ကျွန်တော်တို့ လွန်ကျူးတဲ့အပြစ်ရဲ့အပြစ်ဒဏ်ကို ယေရှုခရစ်တော်က အားလုံးခံပေးသွားခဲ့ပြီးဖြစ်ပါတယ်။ ကျွန်တော်တို့ လွန်ကျူးခဲ့တဲ့ အပြစ်နဲ့ဆိုင်တဲ့အရာအားလုံး ကားတိုင်ပေါ်မှာ အဆုံးသတ်ပြီးပြီ ဖြစ်တဲ့အတွက် ကျွန်တော်တို့က ဘုရားသခင်ရှေ့ကို ရဲရင့်စွာ တိုးဝင်လို့ရပြီး ဖြစ်ပါတယ်။

ရောမ၊ ၅း၁ မှာ– “ ငါတို့ယေရှုခရစ် အားဖြင့် ဘုရားသခင်ရှေ့တော်၌ ငြိမ်သက်ခြင်းကို ခံစားကြ၏။ ” လို့ ရေးထားပါတယ်။ ကျွန်တော်တို့က ကိုယ့်ရဲ့အားနည်းချက်တွေကြောင့် ဘုရားသခင်နဲ့ဝေးကွာကြရမယ်ဆိုရင် တစ်ဘဝလုံး ဘုရားသခင်နဲ့တစ်လုံးတစ်ဝတည်းဖြစ်နိုင်မှာ မဟုတ်ပါဘူး။ ဒါကြောင့်ဘုရားသခင်က ယေရှုခရစ်အားဖြင့် ငြိမ်သက်ခြင်း၊ တစ်လုံးတစ်ဝဖြစ်ခြင်း၊ ခံစားစေတာဖြစ်ပါတယ်။ ကျွန်တော်တို့ က ဘယ်လောက်ကြီးမားတဲ့ ဘယ်လိုမျိုး အပြစ်တွေလွန်ကျူးခဲ့တာဖြစ်ပေမယ့် ယေရှုခရစ်တော်ရဲ့အသွေးတော် အားဖြင့် အဲဒီအပြစ်အားလုံး ဆေးကြောသန့်ရှင်းပြီးပြီဖြစ်လို့ ဘုရားသခင်ရှေ့တိုးဝင်နိုင်တဲ့ ငြိမ်သက်ခြင်း ခံစားရတာဖြစ်ပါတယ်။

“ဘုရားသခင်၊ ကျွန်တော်က အားနည်းချက်များတယ်။ မပြည့်စုံပါဘူး။ ကျွန်တော်ဒီလို အပြစ်လွန်ကျူးမိခဲ့ပါတယ်။ ဒါပေမဲ့ အဲဒီအပြစ်တွေကြောင့် ကျွန်တော်တို့ ပျက်စီးခြင်းမရောက်နိုင်တဲ့အကြောင်းက ယေရှုခရစ်တော်ရဲ့အသွေးတော်က အဲဒီအပြစ်ရဲ့ အဖိုးအခ အားလုံးပေးဆပ်ခဲ့ပြီးဖြစ်လို့ ပါဘဲ။ ဘုရားသခင်၊ ကျွန်တော်က တကယ်ညစ်ပတ်တဲ့လူသားဖြစ်ပေမယ့် ကျွန်တော့်ကို စင်ကြယ်စွာ ဆေးကြောပေးခဲ့လို့ ကျေးဇူးတင်ပါတယ်။ ဒီလိုစိတ်နဲ့ ဘုရားသခင်ရှေ့ ရဲဝံ့စွာချဉ်းကပ်ရမှာဖြစ်ပါတယ်။”

လောကအသက်တာမှာ လျှောက်လှမ်းတဲ့အခါ၊ ကျွန်တော်တို့က ဘုရားသခင့်ကျေးဇူးတော်ကို အများကြီးလိုအပ်ပါတယ်။ ဒါပေမဲ့၊ ကျွန်တော်တို့က အသေးအမွှားကိစ္စကြောင့် ဝန်ထုပ်ဝန်ပိုးဖြစ်ပြီး၊ ဘုရားသခင်ရှေ့သို့ မတိုးဝင်ရဲဘူးဆိုရင် ဘယ်လောက် ကြောက်စရာကောင်းမလဲ။ ဒါကြောင့်၊ ဘုရားသခင်က ကျမ်းစာထဲမှာ “ယေရှုခရစ်တော်အသွေးတော်အားဖြင့် သင့်ကို စုံလင်စွာဆေးကြောသန့်ရှင်းစေပြီး ငြိမ်သက်ခြင်းခံစားစေပြီ” လို့ ပြောခဲ့တာဖြစ်ပါတယ်။

ဘုရားသခင်ကကျွန်တော်တို့ကို ချစ်တဲ့အတွက်ကြောင့် ယေရှုခရစ်တော်ကို ယုံကြည်တဲ့ ယုံကြည်ခြင်းအားဖြင့် သူ့ထံတိုးဝင်ပြီး၊ ငြိမ်သက်ဝမ်းမြောက်ခြင်း ခံစားစေချင်နေပါတယ်။ ဘုရားသခင်ရဲ့နှုတ်ကပတ်တော်အတိုင်း လုပ်ဆောင်မယ်ဆိုရင် အားလုံးအဆင်ပြေပါတယ်။ ဒါပေမဲ့၊ ကျွန်တော်တို့က “ငါဆိုတာအားနည်းတယ်။ ယုံကြည်ခြင်းမရှိဘူး” ဆိုတဲ့ စိတ်ရှိနေတတ်ပါတယ်။

ဒါကြောင့်၊ ကိုယ်ကဆုတောင်းရင်လည်း မတောင်းပေးဘူးလို့ ခံစားရတယ်။

ကိုယ်လုပ်တဲ့ အရာမှာ ဘုရားသခင်က မကူညီဘူးလို့ ခံစားတယ်။ ကိုယ်က ဧဝံဂေလိ ဟောပြောပေမဲ့လည်း ကယ်တင်ခြင်း လက်ခံတဲ့အရာ ဖြစ်လာမှာမဟုတ်ဘူးလို့ ခံစားနေပါတယ်။ လူတွေက စာတန် ပေးတဲ့ ဒီလိုအကြံ အစည်မျိုးထဲမှာ ချုပ်ထားခြင်း ခံနေရပါတယ်။

အဲဒီလိုမဟုတ်ပါဘူး။ ယေရှုခရစ်တော်ရဲ့အသွေးတော်အားဖြင့် ကျွန်တော်တို့ရဲ့အပြစ်အားလုံး သန့်ရှင်းစွာ ဆေးကြောပြီးဖြစ်လို့ ကျွန်တော်တို့ကို အစဉ်အမြဲ ဝမ်းမြောက်စွာ လက်ခံပေးနေတဲ့ သူက ဘုရားသခင် ဖြစ်ပါတယ်။ ဒါကြောင့်၊ ကျွန်တော်တို့က ဘုရားသခင်ထံ တိုးဝင်တဲ့အခါ၊ ကိုယ့်အကျင့်နဲ့မသွားဘဲ၊ ယေရှုခရစ်တော် လုပ်ပေးပြီးတဲ့ အရာအရာကို ယုံကြည်ခြင်းအားဖြင့် ဘုရားသခင်နဲ့ တစ်လုံးတစ်ဝတည်း ဖြစ်ခြင်းကို ခံစားရရှိတာ ဖြစ်ပါတယ်။ ဘုရားသခင်က ကျွန်တော်တို့ အားလုံးရဲ့ဆုတောင်းသံကို နားထောင်ပြီး၊ ကျွန်တော်တို့ အထဲမှာ အသက်ရှင်ပြီး အလုပ်လုပ်နေတယ် ဆိုတဲ့ ယုံကြည်ခြင်းနဲ့ လုပ်ဆောင်ရမှာ ဖြစ်ပါတယ်။ “ ငါက ဘုရားသခင်နဲ့ တစ်လုံးတစ်ဝတည်း ဖြစ်လို့ ငါအလုပ်လုပ်တဲ့အခါ ငါ့ကို အကူအညီပေးမှာပါလား။ ငါ့ကိုစောင့်

ရှောက်ပေးမှာပါလား၊ ကောင်းကြီးပြည့်ဝစေမှာပါလား ” ဆိုတဲ့စိတ်နဲ့ ဘုရားသခင်ရှေ့ ချဉ်းကပ်မယ်ဆိုရင် ဘုရားသခင်က ကျွန်တော်တို့ကို ကောင်းကြီးမင်္ဂလာ ကျေးဇူးတော်ကြွယ်ဝစေပါတယ်။ ကျွန်တော်တို့ကိုချစ်တော်မူပြီး ဝမ်းမြောက်တော်မူတဲ့ အတွက်ကြောင့် ကျွန်တော်တို့ကို ကောင်းကြီးမင်္ဂလာ အားလုံး သွန်းလောင်းပေးပြီး ကျွန်တော်တို့ အထဲမှာ အသက်ရှင် ပြုပြင်ပေးမဲ့သူက ဘုရားသခင် ဖြစ်ပါတယ်။ ။

>>>>>>>>>>>>>>>>>>>>>>>>>>>>>>>>>>>>>>>>>>>>>>>>>>

# Have Faith in God.

**Mark 11:22-24**

**Prayer for Hope, Good health and Protection**

*Dear God,*

*I admit, there have been many times that my hope has been misplaced. Sometimes I have placed it in the outcome of a situation, on people, or on the things of this world. But none of those things were meant to be the source of my hope, and all of them will and have led me to great disappointment. As I begin this New Year, help me to look to You as my hope, knowing that You are steadfast and faithful. Help me to hold onto You in every moment that I face, and to rely on You wholly.*

*Every year I am reminded of the things in life that are important, and one of those gifts is good health. Please grant me the gift of good health this new year. I ask that You keep me safe from harm, and protect me from any illness or dangers that might compromise my health. Help me to make healthy decisions, and to remember to take care of the body that You have given me. May I experience deep rest, and days filled with energy. Help me not only to enjoy good health in my body but in my mind and spiritual life too.*

*Thank You for Your hedge of protection that always surrounds me. I am grateful for the gift of a new year, and that You have spared me my life, and protected me. As I enter this New Year, my prayer is that Your hand would continue to be in my life, and keep me protected from the dangers of the world. Please protect me in my going and my coming. I ask for Your protection of my thoughts, and for the strength to stand firm in the midst of the spiritual battles that I face.*

*In Jesus' name, Amen.*

# ဘယ်သူမပြုမိမိမှု

တခါက၊ အမျိုးသမီးတစ်ဦး အသင်းတော်ပိုင်ဘဏ္ဍာတော်ငွေ ဒေါ်လာ (၇၃၀၀၀) ကျော် ခိုးယူမှုဖြင့် အရေးယူခံရ၏။ ထိုတရားခံအမျိုးသမီးကို ရုံးတင်၍ စစ်ဆေးမေးမြန်းရာမှာ၊ – သူမက “ဒီလို သောင်းနှင့်ချီတဲ့ အသင်းတော်ဘဏ္ဍာကို အလွဲသုံးစားလုပ် ခိုးယူမှုမှာ၊ စာတန်က အဓိက ပါဝင်ပါတယ်”ဟု ပြောခဲ့သည်။ စာတန်က သူမကို ဓါးစာခံအဖြစ် လုပ်ခိုင်းနေသယောင် အဓိပ္ပါယ် သက်ရောက်နေပါသည်။


သူမ၏ ရွေးချယ်ဆုံးဖြတ်မှု၌၊ စာတန်က တစ်ခန်းတစ်ကဏ္ဍမှ ပါဝင်နိုင်သော်ငြားလည်း၊ ဖျားယောင်းသွေးဆောင်မှု အပြစ်တို့နှင့်ပတ်သက်၍၊ မှားယွင်းသော အသိညာဏ်၊ လွဲမှားသော အတွေး၊ သူမ၌ ရှိနေသည်။

ယုံကြည်သူအများကို ယုံကြည်မှုပျက်ပြားအောင် စာတန်က ဖျားယောင်း၍သွေးဆောင် ခဲ့လည်း ကျွန်ုပ်တို့ကို အပြစ်လုပ်ခိုင်းခြင်း မဟုတ်ပါ။ ထို့အပြင်၊ ဘုရားသခင်ကိုလည်း အပြစ်တင် ရန်အကြောင်းမရှိဟု ရှင်ယာကုပ်က ဤသို့ ပြောထားပါသည်။ “အပြစ်သွေးဆောင်ခြင်းကို ခံရသောသူ မည်သည်ကား …၊ ဘုရားသခင်သည် ငါ့ကို သွေးဆောင်တော်မူသည်ဟု မပြောစေနှင့်။ မကောင်းသောအရာသည် ဘုရားသခင်ကို မသွေးဆောင်နိုင်ရာ ကိုယ်တော်သည်လည်း အဘယ် သူကိုမျှ အပြစ်သို့ သွေးဆောင်တော်မမူ။” (ရှင်ယာကုပ်၊၁း၁၃)

ဘုရားသခင်သည် စဉ်မြဲကောင်းမြတ်တော်မူ၍၊ သန့်ရှင်း၊သန့်ရှင်း၊သန့်ရှင်းတော်မူသည်။ သို့ဖြစ်လျှင်၊ အပြစ်နှင့်ပတ်သက်လျှင် မည်သူ့ကို အပြစ်ဖို့၍ ပုံချရမည်နည်း။

ရှင်ယာကုပ်က ထပ်ဆင့်၍၊ “မိမိတပ်မက်သောစိတ် ဆွဲငင်ဖြားယောင်းခြင်းကို ခံသောသူ မည်သည်ကား အပြစ်သွေးဆောင်ခြင်းသို့ ရောက်တတ်၏။”(ရှင်ယာကုပ်၊၁း၁၄) ဟုသတိပေးပြော ထားသည်။ တစ်နည်းအားဖြင့် လူတို့၏ လိုအင်ဆန္ဒနှင့် သွေးဆောင်ဖြားယောင်းခြင်းတို့ ပေါင်းစပ် မိသောအခါ လမ်းမှားသို့ ဦးတည်သွားစေသည်။

တံငါသည်က ငါးဖမ်းရန် ငါးစာချ သကဲ့သို့ .. လူသားတို့၏ ဆိုးညစ်သောစိတ်၊ ထိန်းသိမ်း ရန်မလွယ်ကူသည့် လိုချင်တပ်မက်သောစိတ်ဆန္ဒက သွေးဆောင်မှုနောက်သို့ထပ်ချပ်မကွာအောင် လိုက်ပါ၍၊ အပြစ်ကို ကျူးလွန်စေသည်။ အပြစ်ဒုစရိုက်သည် မိမိတို့၏အမြင်အတိုင်း စီရင်ခြင်းခံရ မည်မဟုတ်၊ ဘုရားသခင်၏အမြင်ဖြင့် အပြစ်စီရင်ခြင်း ခံရမည်ဖြစ်သည်။



တပ်မက်သောစိတ်သည် ပဋိသန္ဓေယူ၍ ဒုစရိုက်ကိုဘွားတတ်၏။
ဒုစရိုက်သည်လည်း ပြည့်စုံလျှင် သေခြင်းကိုဘွားတတ်၏။
(ရှင်ယာကုပ်၊၁း၁၅)

